တရားမဆိုင်ရာ(စီရင်ချက်ပုံစံ)၁၃၁။

# ပြည်ထောင်စုတရားလွှတ်တော်ချုပ်

## ၂၀၁၈ ခုနှစ်၊ တရားမအယူခံမှုအမှတ် ၄၄၄

ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော် ၂၀၁၆ ခုနှစ် တရားမကြီးမှုအမှတ် ၃၃ တွင် ၂၀၁၈ ခုနှစ် မတ်လ ၂၉ ရက်နေ့က ချမှတ်သော ဒီကရီကို အယူခံမှု

| | | |
|---|---|---|
| မစ္စတာစယ်ရီဆုံ(မ်) ဘွန်ဆက်ကာဒီကူ(လ်) | နှင့် | Grand Wynn Manufacturing Ltd. (၎င်း၏ကိုယ်စားလှယ်ဒါရိုက်တာအဖွဲ့ဝင် ဦးအယ်လ်မိန်ဒိန်း) |
| **အယူခံတရားလို** | | **အယူခံတရားပြိုင်** |

အယူခံတရားလိုအတွက် - ဦးလှရွှေ၊ တရားလွှတ်တော်ရှေ့နေ

အယူခံတရားပြိုင်အတွက် - ဦးသန်းစိုး၊ တရားလွှတ်တော်ရှေ့နေ

### စီရင်ချက်

ရက်စွဲ၊ ၂၀၁၉ ခုနှစ်၊ မတ်လ ၂၃ ရက်

ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော် ၂၀၁၆ ခုနှစ် တရားမကြီးမှုအမှတ် ၃၃ တွင် မစ္စတာစယ်ရီဆုံ(မ်)ဘွန်ဆက်ကာဒီကူ(လ်) က Grand Wynn Manufacturing Ltd. အပေါ် ၁-၁၁-၂၀၀၆ ရက်စွဲပါ မှတ်ပုံတင်စာချုပ် အမှတ် ၄/၇၇၄၁ ကိုပယ်ဖျက်ပေးစေလိုမှုနှင့် နစ်နာကြေးအမေရိကန်ဒေါ်လာ ၃၅၀၀၀၀၀ ရလိုကြောင်းစွဲဆိုရာ ပဏာမငြင်းချက် ၃ ရပ် ထုတ်နုတ်ကြားနာပြီးနောက် ငြင်းချက်အမှတ် (၁) ကို ကာလစည်းကမ်းသတ်ကျော်လွန် နေသည်ဆိုခြင်းမှာ မှန်သည်ဟုဖြေဆိုပြီး အမှုပလပ်ခဲ့သည်ကို မစ္စတာစယ်ရီဆုံ(မ်)ဘွန်ဆက် ကာဒီကူ(လ်)က မကျေနပ်သဖြင့် ပြည်ထောင်စုတရားလွှတ်တော်ချုပ်သို့ ဤအယူခံမှုကို တင်သွင်းသည်။

အယူခံတရားလို၏ရှေ့နေက ကုန်အမှတ်တံဆိပ် (Trade Mark) သည် မရွှေ့မပြောင်းနိုင်သော ပစ္စည်းမဟုတ်ပါဘဲ ပစ္စည်းလွှဲပြောင်းခြင်းဥပဒေပုဒ်မ ၃ ၏ ရှင်းလင်းချက် (၁) ကို အခြေပြု၍ ကုန်အမှတ်တံဆိပ် မှတ်ပုံတင်သည့်နေ့ကို တရားလိုသိရှိသည့်နေ့အဖြစ် မူလရုံးက ကောက်ယူခဲ့ခြင်းသည် မှားယွင်းကြောင်း၊ တရားလိုသည် ထိုင်းနိုင်ငံတွင်အခြေစိုက် နေထိုင်သူဖြစ်၍ တရားပြိုင်ကုမ္ပဏီက မြန်မာနိုင်ငံ၌ "LOLANE" ကုန်အမှတ်တံဆိပ် မှတ်ပုံတင်သည့်ကိစ္စ သိနိုင်ရန် အကြောင်းမရှိသည်မှာ မြင်သာကြောင်း၊ တရားပြိုင်၏ ကုမ္ပဏီခွဲဖြစ်သည်ဟု အဆိုရှိသော Grand Wynn Enterprises Ltd. အပေါ် တရားလိုက စွဲဆိုသည့် ရန်ကုန်အနောက်ပိုင်းခရိုင်တရားရုံး၊ ၂၀၁၄ ခုနှစ် တရားမကြီးမှုအမှတ် ၁၈၆ "၁၀-၃-၁၉၉၇ ရက်စွဲပါ စာချုပ်အမှတ် IV 1225/1997 အား ပယ်ဖျက်ပေးစေလိုမှုနှင့် အမြဲတမ်းတားဝရမ်းရလိုမှု" တွင် ကာလစည်းကမ်းသတ်ပြဿနာနှင့် ပတ်သက်၍ အကြောင်းခြင်းရာ ရောထွေးနေသဖြင့် နှစ်ဖက်သက်သေခံချက်များ ရယူပြီးမှ အခြားငြင်းချက်များနှင့်အတူ ဖြေဆိုမည်ဟု အမိန့်ချမှတ်ခဲ့ပြီး ယင်းအမိန့်ကို ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော် ၂၀၁၆ ခုနှစ် တရားမ ပြင်ဆင်မှုအမှတ် ၂၃၉ တွင် အတည်ပြုထားကြောင်း၊ ယခုစွဲဆိုမှုအပေါ် ချမှတ်သော အမိန့်နှင့် နှိုင်းယှဉ်ကြည့်လျှင် မတူကွဲပြားသောစီရင်ချက်များ ပေါ်ပေါက်နေသဖြင့် ပြင်ဆင်တည့်မတ်ပေးသင့်ကြောင်း လျှောက်ထားတင်ပြသည်။

အယူခံတရားပြိုင်၏ရှေ့နေက ကုန်အမှတ်တံဆိပ်ကို မှတ်ပုံတင်ခြင်းသည် မိမိ၏ မူပိုင်တံဆိပ်အဖြစ် တရားဝင်အသုံးပြုမည် ဖြစ်ကြောင်း အများသို့ အသိပေး ရှင်းလင်းကြေညာခြင်းဖြစ်၍ မှတ်ပုံတင်သည့်နေ့မှစ၍ အများသို့ ကြားသိပြီးဖြစ်သည်ဟု မှတ်ယူနိုင်ကြောင်း၊ သီးခြားသက်သာခွင့်အက်ဥပဒေပုဒ်မ ၅၄ ပြဋ္ဌာန်းချက်၏ ရှင်းလင်းချက်စာပိုဒ်အရလည်း ကုန်အမှတ်တံဆိပ်သည် ပစ္စည်းဖြစ်သည်ဟု အဓိပ္ပါယ်ဖွင့်ဆိုထားကြောင်း၊ တရားလိုသည် ထိုင်းနိုင်ငံ၌ အခြေစိုက်နေထိုင်သူဖြစ်သော်လည်း တရားပြိုင်ကုမ္ပဏီနှင့် ကုန်သွယ်မှုပြုနေသော S.C Artistry Co. Ltd ၏ ဒါရိုက်တာတစ်ဦးဖြစ်၍ နှစ်ပေါင်း ၂၀ ကျော်ကာလအတွင်း လေ့လာစုံစမ်းသိရှိနိုင်သော အနေအထားရှိကြောင်း၊ မှတ်ပုံတင်စာချုပ် ပယ်ဖျက်ပေးစေလိုမှုသည် ကာလစည်းကမ်းသတ်ဥပဒေဇယားအမှတ်စဉ် (၉၁) အရ တရားလိုက စာချုပ်အား ပယ်ဖျက်နိုင်ကြောင်း သိသည့်နေ့မှစ၍ ၃ နှစ်အတွင်း စွဲဆိုရမည်ဖြစ်၍ မူလတိုင်းဒေသကြီးတရားလွှတ်တော်၏ အမိန့်မှာ မှန်ကန်သဖြင့် အတည်ပြုသင့်ကြောင်း၊ တရားလို/ တရားပြိုင်တို့အကြား ရန်ကုန်အနောက်ပိုင်းခရိုင်တရားရုံး၌ စွဲဆိုသည့်အမှု၌ ထပ်တူအငြင်းပွားနေသော ကာလစည်းကမ်းသတ်ပြဿနာကို သက်သေခံချက်များရယူပြီးမှ ဖြေဆိုရန် အမိန့်ချမှတ်သည့် ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော် ၂၀၁၆ ခုနှစ် တရားမပြင်ဆင်မှုအမှတ် ၂၃၉ ကို ပြည်ထောင်စုတရားလွှတ်တော်ချုပ် ၂၀၁၈ ခုနှစ် တရားမပြင်ဆင်မှု အမှတ် ၅၁၈ ဖြင့် လက်ခံထားသဖြင့် ထိုအမိန့်သည် အငြင်းပွားချက်အတွက် အပြီးသတ်မဟုတ်ကြောင်း လျှောက်ထားတင်ပြသည်။

အမှုအား စိစစ်ကြည့်ရှုရာ တရားလိုသည် ထိုင်းနိုင်ငံသားတစ်ဦးဖြစ်ပြီး အလှကုန်ပစ္စည်းများကို ကိုယ်တိုင်တီထွင်၍ "LOLANE" ကုန်အမှတ်တံဆိပ်ဖြင့် ထိုင်းနိုင်ငံတွင်

၁၉၈၈ ခုနှစ်ကလည်းကောင်း၊ လာအိုဒီမိုကရက်တစ်သမ္မတနိုင်ငံ၊ တရုတ် ပြည်သူ့သမ္မတနိုင်ငံနှင့် ကမ္ဘောဒီးယားနိုင်ငံတို့တွင် ၁၉၉၅ ခုနှစ်က လည်းကောင်း မှတ်ပုံတင်ခဲ့ကြောင်း၊ မိမိပိုင် "LOLANE" အလှကုန်ပစ္စည်းများဖြန့်ဖြူးနိုင်ရန် ထိုင်းနိုင်ငံရှိ S.C Artistry Co. Ltd (SCR) ကုမ္ပဏီလီမိတက်ကို ၁၉၉၄ ခုနှစ် မတ်လ၌ (License) ခွင့်ပြုခဲ့ကြောင်း၊ တရားလို၏ ကုမ္ပဏီဖြစ်သော S.C Artistry Co. Ltd သည် ရန်ကုန်မြို့ Grand Wynn Enterprises Ltd အား "LOLANE" အလှကုန်ပစ္စည်းများ ဖြန့်ဖြူးရောင်းချစေရန် တရားဝင် အရောင်းကိုယ်စားလှယ်အဖြစ် ၂၂-၈-၁၉၉၅ ရက်စွဲပါ စာချုပ်ချုပ်ဆို၍ ၉-၁၀-၂၀၁၃ ရက်နေ့အထိ ဖြန့်ဖြူးရောင်းချစေခဲ့ကြောင်း၊ တရားလိုသည် "LOLANE" ကုန်အမှတ်တံဆိပ်ကို ရန်ကုန်မြို့၊ စာချုပ်စာတမ်းမှတ်ပုံတင်ရုံးတွင် ၅-၈-၁၉၉၉ ရက်နေ့ကစ၍ စဉ်ဆက်မပြတ် တရားဝင် မှတ်ပုံတင်ခဲ့ကြောင်း၊ S.C Artistry Co. Ltd သည် တရားပြိုင် ဦးလှဝင်း မန်နေးဂျင်းဒါရိုက်တာအဖြစ် တာဝန်ယူသည့် Grand Wynn Enterprises Ltd နှင့် Contract စာချုပ်ချုပ်ဆိုခဲ့မှုများ ရှိသော်လည်း Grand Wynn Manufacturing Ltd နှင့် မည်သည့်သဘောတူစာချုပ်မျှ ချုပ်ဆိုထားခြင်းမရှိကြောင်း၊ "LOLANE" ကုန်အမှတ်တံဆိပ် ကို တရားပြိုင်က ၎င်းတစ်ဦးတည်းမူပိုင်အဖြစ် ရန်ကုန်မြို့၊ စာချုပ်စာတမ်းမှတ်ပုံတင်ရုံးတွင် ၁-၁၁-၂၀၀၆ ရက်စွဲပါ မှတ်ပုံတင်စာချုပ်အမှတ် ၄/၇၇၄၁ ဖြင့် မှတ်ပုံတင်ခဲ့ခြင်းကို တရားလိုက လုံးဝမသိရှိဘဲ တရားပြိုင်ကုမ္ပဏီက S.C Artistry Co. Ltd အပေါ် စွဲဆိုသည့် ရန်ကုန်တိုင်းဒေသကြီး တရားလွှတ်တော် ၂၀၁၄ ခုနှစ် တရားမကြီးမှုအမှတ် ၆၇ ၌ အဆိုလွှာနှင့်အတူ ပူးတွဲတင်သွင်း သည့် စာမှတ်စာတမ်းများအရ မိတ္တူကူးယူခွင့်ရရှိသည့် ၁၂-၆-၂၀၁၅ ရက်နေ့တွင်မှ သိရှိရ ကြောင်း အဆိုပြုထားသည်။

တရားပြိုင်က တရားလိုသည် Grand Wynn Enterprises Ltd ၏ မန်နေးဂျင်း ဒါရိုက်တာ ဦးလှဝင်းက မှတ်ပုံတင်သွင်းထားသော ၁၀-၃-၁၉၉၇ ရက်စွဲပါ "LOLANE" ကုန်အမှတ်တံဆိပ်မှတ်ပုံတင်စာချုပ်ရှိနေကြောင်းနှင့် ယင်းစာချုပ်အား ပယ်ဖျက်ပေးစေရန် ရန်ကုန်အနောက်ပိုင်းခရိုင်တရားရုံး ၂၀၁၄ ခုနှစ်တရားမကြီးမှုအမှတ်၁၈၆ ကို စွဲဆိုသည့် ၁၉-၅-၂၀၁၄ ရက်နေ့ကတည်းက သိရှိပြီးဖြစ်ကြောင်း၊ အဆိုပါ အမှုတွင် တပေါင်းတည်း စွဲဆိုခဲ့ရမည်ဖြစ်၍ ယခုကဲ့သို့ စွဲဆိုခွင့်မရှိကြောင်း၊ ကာလစည်းကမ်းသတ်များစွာ ကျော်လွန်ကြောင်း ချေပထားသည်။

ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော်က မရွှေ့မပြောင်းနိုင်သာ ပစ္စည်းနှင့်စပ်လျဉ်းသည့် ဆောင်ရွက်မှုသည် ဥပဒေအရလိုအပ်သည့်အတိုင်း မှတ်ပုံတင်စာချုပ်စာတမ်းဖြင့် ပြုလုပ်ခဲ့ပါမူ × × × × × အဆိုပါ စာချုပ်စာတမ်းကို မှတ်ပုံတင်သည့်နေ့မှ စ၍ သိရှိသည်ဟု မှတ်ယူရမည်ဖြစ်ကြောင်း၊ မှတ်ပုံတင်ထားသော စာချုပ်စာတမ်းနှင့်စပ်လျဉ်း၍ ပယ်ဖျက်ပေးစေလိုမှုစွဲဆိုလျှင် ကာလစည်းကမ်းသတ်ဥပဒေပထမဇယားအပိုဒ် ၉၁ အရ ၃ နှစ်အတွင်း စွဲဆိုရမည်ဖြစ်ကြောင်း၊ တရားလိုက ပယ်ဖျက်ပေးစေလိုကြောင်း အဆိုပြုသည့် မှတ်ပုံတင်စာချုပ်အမှတ် ၄/၇၇၄၁သည် ၁-၁၁-၂၀၀၆ ရက်နေ့တွင် မှတ်ပုံတင်ထားခြင်းဖြစ်၍ ထိုနေ့မှ စတင်

ရေတွက်လျှင် အမှုစွဲဆိုသည့် ၁၆-၃-၂၀၁၆ ရက်နေ့တွင် ကာလစည်းကမ်းသတ်များစွာ ကျော်လွန်ကြောင်း သုံးသပ်သည်။

တရားပြိုင်က ချေလွှာတွင်၂၀၁၄ ခုနှစ် တရားမကြီးမှုအမှတ် ၁၈၆ ကို စွဲဆိုသည့် ၁၉-၅-၂၀၁၄ ရက်နေ့ကတည်းက ထိုမှတ်ပုံတင်စာချုပ်ရှိသည်ကို တရားလို သိကြောင်း ချေပပြီး မှတ်ပုံတင်သွင်းသည့်နေ့က လူအများကို ကြားသိစေပြီးဖြစ်၍ စာချုပ်မှတ်ပုံတင်သည့် ၁-၁၁-၂၀၀၆ ရက်နေ့မှစ၍ တရားလိုသိပြီးဖြစ်သည်ဟု မှတ်ယူရမည်ဖြစ်ကြောင်း လျှောက်လဲ တင်ပြသည်။

တရားလိုသည် ထိုင်းနိုင်ငံ၊ ဘန်ကောက်မြို့တွင် နေထိုင်သော ထိုင်းနိုင်ငံသား တစ်ဦး ဖြစ်ပြီး တရားလိုနှင့် တရားပြိုင်တို့ အကြားတွင် အပြန်အလှန်စွဲဆိုထားကြသည့် အခြား တရားမကြီးမှုများလည်း ရှိနေကြောင်း ပေါ်ပေါက်သည်။ တရားလိုက ကုန်ပစ္စည်းတီထွင်မှု မူပိုင်ခွင့်ကို မှတ်ပုံတင်ထားသူအဖြစ် အရေးဆိုကာ တရားပြိုင်က ကုန်ပစ္စည်းဖြန့်ဖြူး ရောင်းချရေးကိုယ်စားလှယ်အဖြစ် ၁၉၉၅ ခုနှစ် ကတည်းက ဆောင်ရွက်ခဲ့ပြီး “LOLANE” နှင့် “G.W.E LOLANE” အမှတ်တံဆိပ်ကို အသုံးပြု၍ မြန်မာနိုင်ငံ ဈေးကွက်အတွင်း ဖြန့်ဖြူးရန် S.C Artistry Co. Ltd ၏ ထောက်ခံချက်ကို ၂၀၀၅ ခုနှစ်၌ ရရှိခဲ့သဖြင့် ၂၀၀၆ ခုနှစ်တွင်မှ အဆိုပါ ကုန်အမှတ်တံဆိပ်ကို မှတ်ပုံတင်ခဲ့သည်ဟု ချေဆိုသည်။

အဆိုအချေတို့အရ ကာလစည်းကမ်းသတ်နှင့်စပ်လျဉ်းပြီး အကြောင်းခြင်းရာ ပြဿနာများ ရောထွေးနေသည့်အပြင် စာချုပ်စာတမ်းနှင့်စပ်လျဉ်းသည့် အချက်အလက် အထောက်အထားများကို သက်သေခံအဖြစ် တင်သွင်းရခြင်း မရှိသေးသည့်အခြေအနေတွင် ကာလစည်းကမ်းသတ်ကျော်လွန်ခြင်း ရှိ မရှိ ကို သက်သေခံချက်များ ရယူစစ်ဆေးခြင်း မပြုဘဲ အဆိုအချေတို့အရ ကောက်ယူဆုံးဖြတ်နိုင်ခြင်း မရှိသည်မှာ မြင်သာသည်။

သို့ဖြစ်ရာ ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော်က ပဏာမငြင်းချက်အပေါ် တရားလို စွဲဆိုသော အမှုသည် ကာလစည်းကမ်းသတ်ကျော်လွန်နေကြောင်း ဖြေဆိုဆုံးဖြတ်ခဲ့ခြင်းမှာ မှန်ကန်သည်ဟု မဆိုသာချေ။

ထို့ကြောင့် ဤအယူခံမှုကို ခွင့်ပြုသည်။ တရားလိုစွဲဆိုသောအမှုမှာ ကာလစည်းကမ်းသတ် ကျော်လွန်နေပြီ ဖြစ်သည်မှာ မှန်ကြောင်း ဖြေဆိုခဲ့သည့် ရန်ကုန်တိုင်းဒေသကြီးတရား လွှတ်တော်၏ အမိန့်ကို ပယ်ဖျက်လိုက်သည်။ အဆိုပါ ငြင်းချက်ကို နှစ်ဖက်သက်သေခံချက်များ ရယူပြီးမှ အခြားငြင်းချက်များနှင့် အတူဖြေဆိုစေရန် ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော် အား ညွှန်ကြားလိုက်သည်။

ဤအယူခံမှုတွင် အယူခံတရားလို ထမ်းဆောင်ထားသော ရုံးခွန်ကို ပြန်အမ်းရန်အတွက် သက်သေခံလက်မှတ်ထုတ်ပေးစေ၊ တရားစရိတ်ကို နောက်ဆုံးအမှုရှုံးသူက ကျခံစေရန်ဖြစ်သည်။

ရှေ့နေစရိတ် ကျပ် ၃၀၀၀၀ သတ်မှတ်သည်။

(အောင်ဇော်သိန်း)

ပြည်ထောင်စုတရားလွှတ်တော်ချုပ်တရားသူကြီး